# ရတနာညချမ်း

ညီအစ်ကိုနှစ်ဦးဟာ လယ်ယာအတူတူလုပ်ရင်း မိဘများချန်သွားပေးတဲ့ ဤလယ်ကွင်းမှာ အိမ်အသီးသီးဆောက် လျှက်နေထိုင်ကြပါတယ်။ နေ့လည်တွင် လုပ်ငန်းခွင်မှာ အတူတူလုပ်ကိုင်ကြပြီးနောက် ညအချိန်ဆိုရင် မိမိတို့အိမ်သို့ပြန်ကြပါတယ်။ အစ်ကိုဖြစ်သူက အိမ်ထောင်သည်ဖြစ်ပြီး မိသားစုလည်းရှိပါတယ်။ ညီဖြစ်သူက လူပျိုပင်ဖြစ်သော်လည်း လုပ်ငန်းမှရတဲ့ အကျိုးအမြတ်ကိုတော့ တစ်ဝက်စီ ခွဲဝေယူလေ့ရှိပါတယ်။ တစ်ညမှာ လူလွတ်ဖြစ်သောညီငယ်က "ငါ့အစ်ကိုမှာ သူ့ရဲ့ မိသားစုကြီးကို ကြည့်ရှုပြုစုပေးရမယ့်တာဝန်ရှိတယ်။ တကယ်တမ်း ဝင်ငွေကျတော့ ငါ့နဲ့အတူတူဘဲရတယ်။ သနားပါတယ်"လို့ စဉ်းစားရင်း အစ်ကို့ကိုချစ်သောစိတ်ဖြင့် အစ်ကိုတို့ မိသားစုမှာ လိုအပ်နေသောအရာများကို မိမိရသောငွေဖြင့် ဝယ်ခြမ်းပြီး အစ်ကိုရဲ့အိမ်ရှေ့မှာ တိတ်တဆိတ်သွားချထားရန် ကြံစည်လိုက်ပါတယ်။ ထိုညမှာ အစ်ကိုဖြစ်သူကလည်း "ငါ့ညီလေးဟာ တစ်ဦးတည်းနေရရှာတယ်။ သားမယားကလည်းမရှိတော့ မိသားစုရဲ့ ယုယမှုနဲ့၊ နွေးထွေးမှုကိုသူ မရရှာပါလား"လို့ စဉ်းစားမိရင်း ညီငယ်လေးအတွက် မိမိအိမ်မှဖုတ်သော ပေါင်မုန့်ကို ကြိမ်ခြင်းလေးထဲထည့်ပြီး အဝတ်ထူထူလေးနှင့် ထုတ်ပြီးနောက် ညီငယ်ရဲ့အိမ်ရှေ့မှာ အသာလေးသွားချထားရန် ကြံစည်လိုက်ပါတယ်။ ဒီလိုနဲ့ ညကြီးအချိန်မတော် နှစ်ယောက်သားဟာ တစ်ပြိုင်နက်ထဲ မိမိတို့အိမ်မှ ထွက်ခွာလာကြရာ အမှောင်ထဲမှာ နှစ်ဦးသား ထိပ်တိုက်ဆုံမှဘဲ မိမိတို့ထွက်လာရတဲ့အကြောင်းရင်းကို အချင်းချင်းဝန်ခံ ရဖို့ဖြစ်လာပါတယ်။ ဒီအခါ နှစ်ဦးသား တစ်ဦးကိုတစ်ဦးဖက်လျက် ဝမ်းသာအားရငိုကြွေးမိကြပါတော့တယ်။ သူတို့နှစ်ဦးစလုံးရဲ့ အဖိုးတန်ရတနာကတော့ တစ်ဦးရဲ့မေတ္တာကိုတစ်ဦး အသိအမှတ်ပြုခြင်းနဲ့ တစ်ဦးရဲ့လိုအပ်ချက်ကို တစ်ဦးလေးစား ညှာတာခြင်း ပါဘဲလားဆိုတာ နှစ်ဦးသား သိရှိခံစားသွားကြရပါတယ်။

*ညီအစ်ကိုတို့သည် သဘောတူလျက် ပေါင်းဘော်ကြသည်အရာမှာ အလွန်ကောင်းပေ၏။ အလွန်တင့်တယ်လျောက်ပတ်ပေ၏။ (ဆာလံ၊၁၃၃း၁)*

-စတယ်လာဝေ-

*(God's Little Devotional Bookတွင်ပါရှိသည့် Nighttime Treasuresကိုဆီလျော်အောင် ဘာသာပြန်ဆိုသည်)*